Monday, December 29, 2008
10:20 PM

1. ဒီမိုကရေစီ ဆိုသည်မှာ နိုင်ငံ့အာဏာကို (က) အစိုးရ (ခ) ပါလီမန် (ဂ) ပြည်သူလူထု (ဃ) စစ်တပ်က ထိန်းချုပ်လျက် လွတ်လပ်သော ရွေးကောက်ပွဲစနစ်ဖြင့် အစိုးရဖွဲ့စည်းခြင်းကို ခေါ်သည်။

အဖြေ ........................

2. ဒီမိုကရေစီတွင် အခြေခံမူ (က) အများအပြား (ခ) နှစ်ခု (ဂ) သုံးခု (ဃ) လေးခု ရှိသည်။

အဖြေ ........................

3. ဒီမိုကရေစီ၏ ပထမ အခြေခံမူမှာ နိုင်ငံ့အာဏာကို (က) စစ်တပ်က ပိုင်ဆိုင်ထားရမည် (ခ) နိုင်ငံရေး ထိပ်ပိုင်းခေါင်းဆောင် တို့က ပိုင်ဆိုင်ထားရမည် (ဂ) လူ့အဖွဲ့အစည်းအတွင်းရှိ လူတိုင်းက တန်းတူညီမျှစွာ ပိုင်ဆိုင်ထားရမည် (ဃ) လူမျိုးကြီးဝါဒီတို့က ပိုင်ဆိုင်ထားရမည်။

အဖြေ ........................

4. မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့ပြီးသည်နှင့် ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံကို ထူထောင်ခဲ့သည်။ ထို့နောက် ဒီမိုကရေစီ၏ ပထမအခြေခံမူကို အတိအကျ လေးစားလိုက်နာစွာ (က) ကျင့်သုံးနိုင်ခဲ့သည်။ (ခ) မကျင့်သုံးနိုင်ခဲ့။

အဖြေ ........................

5. ဒီမိုကရေစီ၏ ဒုတိယ အခြေခံမူမှာ လူအဖွဲ့အစည်းအတွင်းရှိ လူတိုင်းသည် (က) နိုင်ငံ (ခ) ဒေသအတွင်း (ဥပမာ- အရှေ့တောင်အာရှ၊ တောင်အမေရိက စသဖြင့်) (ဂ) တကမ္ဘာလုံး အတိုင်းအတာဖြင့် လက်ခံထားသော လွတ်လပ်ခွင့် (freedoms and liberties)ကို ခံစားရမည်။

အဖြေ ........................

6. ဒီမိုကရေစီ၏ ပထမနှင့် ဒုတိယ အခြေခံမူ (၂)ရပ်စလုံးကို ကမ္ဘာ့နိုင်ငံတိုင်းက လေးစားလိုက်နာ၍ အတိအကျ ကျင့်သုံးနိုင်လျှင် (က) ကမ္ဘာကြီးသည် စစ်မက်ကင်းစင်လျက် ငြိမ်းချမ်းမည် (ခ) ကမ္ဘာပေါ်တွင် အာဏာရှင်စနစ် ပျောက်ဆုံးသွားမည်။

အဖြေ ........................

7. ဒီမိုကရေစီ နိုင်ငံတခုတွင် (က) အစိုးရ (ခ) နိုင်ငံရေးပါတီများ (ဂ) စစ်တပ် (ဃ) ပြည်သူလူထု (စ) အားလုံးက ဒီမိုကရေစီကို အတော်အတန် နားလည်သဘောပေါက်၍ အသင့်အတင့် ကျင့်သုံးနိုင်လျှင် နိုင်ငံရေးပြဿနာများ အဖြစ်နည်းပါးနိုင်သည်။

အဖြေ ........................

8. ဒီမိုကရေစီတွင် စံနမူနာပြ ပုံစံ (၂)ရပ်ရှိသည်။ ကိုယ်စားပြု ဒီမိုကရေစီ (Representative democracy) နှင့် တိုက်ရိုက် ဒီမိုကရေစီ (Direct democracy) ဖြစ်သည်။

ကိုယ်စားပြု ဒီမိုကရေစီကို ကမ္ဘာတလွှား နိုင်ငံအများအပြားက ကျင့်သုံးသည်။ ပြည်သူတို့က ရွေးကောက်ပွဲ အဆင့်ဆင့်ဖြင့် ပါဝင်ကြ သည်။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်အရွေးခံနိုင်သည် (သို့) မဲပေးရွေးချယ်နိုင်ကြသည်။ အဆိုပါရွေးကောက်ပွဲများဖြင့် ပြည်သူတို့က ခေါင်းဆောင်များ ပါဝင်သော အုပ်စုငယ်တစု (ဥပမာ- ပါလီမန်)ကို ရွေးချယ်ကြသည်။ ထိုရွေးချယ်တင်မြှောက်ခံ ခေါင်းဆောင်များကသာလျှင် အမှန်တကယ်တမ်း အစိုးရဖွဲ့နိုင်ကြပြီး ပြည်သူများကိုယ်စား အုပ်ချုပ်သောကြောင့် ကိုယ်စားပြု ဒီမိုကရေစီ ဟုခေါ်သည်။ ဤပုံစံကို ပါလီမန် ဒီမိုကရေစီနစ်ဟု ခေါ်သည်။ ထို့ပြင် သမတက အပြည့်အဝ (သို့) တပိုင်းတစ ချုပ်ကိုင်သော ဒီမိုကရေစီစနစ်လည်း ပါဝင်သည်။

တိုက်ရိုက် ဒီမိုကရေစီစနစ်တွင် အစိုးရက ရွေးချယ်စရာများကို ချမှတ်ပေးသည်။ ပြည်သူတို့က ရွေးချယ်ရသည်။ ခေါင်းဆောင်တို့သည် အစိုးရဆိုင်ရာ အရေးကြီးကိစ္စများအားလုံးကို အဆုံးအဖြတ်ပေးနိုင်သည်။ သို့သော် ထိုခေါင်းဆောင်များအား ပြည်သူတို့က မဲပေး ရွေးချယ်ခွင့်မရှိပဲ အဆိုပါ အစိုးရကိစ္စများအပေါ်၌သာ ဆုံးဖြတ် မဲပေးခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအုပ်စိုးနေသော နအဖသည် (က) ကိုယ်စားပြု ဒီမိုကရေစီ (ခ) တိုက်ရိုက် ဒီမိုကရေစီ (ဂ) ထိုနှစ်ခုကို ရောထွေးထားသည့် ဒီမိုကရေစီ ဖြစ်အောင် ကြိုးပမ်းနေသည်။ နအဖသည် ဒီမိုကရေစီ အစစ်အမှန်ကို (ဃ) လက်ခံ ကျင့်သုံးလိုသည်။ (င) လက်မခံလိုသော်လည်း မဖြစ်မနေ ကျင့်သုံးရမည့် အခြေအနေသို့ ဆိုက်ရောက်နေသည်။

အဖြေ ........................

အဖြေ

1. ဂ
2. ခ
3. ဂ
4. ခ
5. ဂ
6. က နှင့် ခ နှစ်ခုစလုံး
7. စ
8. ဂ နှင့် င (အကယ်၍ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (Constitution)ကို အမှန်တကယ် ရေးဆွဲရန်တာဝန်ရှိသည်ဟု အများက သတ်မှတ်ထားသူများကသာ ကြိုတင်စည်းကမ်းသတ်မှတ်ချက်၊ အချုပ်အနှောင်၊ အတားအဆီး၊ ဩဇာလွှမ်းမိုးမှုများ မရှိပဲ ရေးဆွဲနိုင်ခဲ့ပြီး ထိုဖွဲ့စည်းပုံကိုလည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် လူထုအများစုက တနေ့တည်း တပြိုင်တည်း လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့် ရှိခဲ့လျှင် အဖြေမှန်မှာ (က)နှင့် (ဃ) ဖြစ်သည်။